# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှစတင်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ (2019-nCoV) မိမိကာစ၍ ကာကွယ်ပါ။



## ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ

- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်း
- အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ကူးစက်ခြင်း



## သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ

လွန်ခဲ့သည့် (၁၄)ရက်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့သို့ ခရီးသွားခဲ့ခြင်း (သို့မဟုတ်) အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ ရှိခဲ့ပြီး

- ဖျားခြင်း (အပူချိန် ၃၈°C / ၁၀၀.၄°F နှင့်အထက် ရှိခြင်း)
- ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း



## ကာကွယ်နိုင်မည့်နည်းလမ်းများ

- အဆုတ်ရောင်ရောဂါလက္ခဏာ ခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊
- လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျဆေးကြောပါ။
- နှာချေချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ပါ။ (အထူးသဖြင့်ဘတ်(စ်)ကားစီးစဉ်)
- တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပါ၊ ကောင်းစွာ အိပ်စက်အနားယူပါ။
- တိရစ္ဆာန်များနှင့် အကာအကွယ်မပါဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

(2019-nCoV)

အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူပါ။

အသေးစိတ်သိရှိလိုပါက ဤ QR Code ကို Scan ဖတ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (၂၈-၁-၂၀၂၀)